# The International Independent Fact-Finding Mission on Myanmar (FFM)

## မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (FFM)

### ဖွဲ့စည်းတည်ထောင်ခြင်း

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက (ဆုံးဖြတ်ချက်အမှတ် A/HRC/RES/34/22 ဖြင့်) ၂၀၁၇ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် FFM ကို ဖွဲ့စည်းခဲ့သည်။ ထိုမစ်ရှင်သည် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးခဲ့ပြီး စုဆောင်းပြုစုထားသော သက်သေခံ အချက်အလက်များကို မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးယန္တရား (IIMM) သို့ လွှဲပြောင်းခဲ့သည်။

### လုပ်ပိုင်ခွင့်

၂၀၁၁ ခုနှစ် နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများ ဖြစ်ပွားနေသည်ဆိုသည့် စွပ်စွဲမှုများ အတွက် မှတ်တမ်းအထောက်အထား အချက်အလက်များကို စုဆောင်းပြုစုရန် FFM ကို လုပ်ပိုင်ခွင့်တာဝန်များ ပေးအပ်ခဲ့သည်။ အထူးသဖြင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အစိုးရ၏ လုံခြုံရေး တပ်ဖွဲ့များ၏ ကျူးလွန်ချိုးဖောက်မှုများအပြင် အခြားတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ လူ့အခွင့် အရေးချိုးဖောက်မှုများကို ကောက်ယူ စုဆောင်းမှတ်တမ်းပြုစုရန် ဖြစ်သည်။ ကျူးလွန်သူများက တာဝန်ယူတာဝန်ခံမှု အပြည့်အဝ ရှိစေရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကို ဆောင်ကြည်းပေးရန် ရည်ရွယ်ချက်ဖြင့် လုပ်ပိုင်ခွင့်တာဝန်များပေးအပ်ခဲ့ခြင်း ဖြစ်သည်။

### ကော်မရှင်နာများ

အင်ဒိုနီးရှားနိုင်ငံမှ မာဇူကီးဒါရူစမန် (ဥက္ကဌ)၊သီရိလင်္ကာနိုင်ငံမှ ရာဒ်ဟီကာ ကူမရာဆွာမီနှင့် ဩစတြေးလျနိုင်ငံမှ ခရစ္စတိုဖာဒိုမစ်နစ်စီဒိုတီ

### အစီရင်ခံစာများ

အဓိကပင်မ (စာမျက်နှာ ၄၄၄ ပါ) အစီရင်ခံစာကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။ လိင်ပိုင်းဆိုင်ရာနှင့် ကျားမကွဲပြားမှု အခြေပြု အကြမ်းဖက်မှုများ ဆိုင်ရာ အစီရင်ခံစာအပြင် တပ်မတော်နှင့်ဆက်နွယ်ပတ်သက်နေသော စီးပွားရေးလုပ်ငန်းများအကြောင်းကို နောက်ဆက်တွဲ အစီရင်ခံစာများအဖြစ် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည်။ နောက်ဆုံးအပြီးသတ် အစီရင်ခံစာကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။

### အဓိကအရေးကြီးသောရှာဖွေတွေ့ရှိချက်များ

- ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကို လည်းကောင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် စစ်ရာဇဝတ်မှုများနှင့် လူသား ဖြစ်တည်မှုအား ဆန့်ကျင်သည့်ရာဇဝတ်မှုများကိုလည်းကောင်း တပ်မတော်က ကျူးလွန်ခဲ့သည်။
- ရခိုင်ပြည်နယ်တွင် တပ်မတော်က "နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးများ" ကို ဆောင်ရွက်ခဲ့ပြီးနောက် ရိုဟင်ဂျာ ၇၂၅,၀၀၀ ဦးကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။ အစုအပြုံလိုက်သတ်ဖြတ်မှုနှင့် အစုအပြုံလိုက် မုဒိမ်းကျင့်မှုများ အပါအဝင် ချိုးဖောက်မှုများကြောင့် လူဦးရေ ၁၀,၀၀၀ ဦးခန့် (အနည်းဆုံးခန့်မှန်းချက်) သေဆုံးခဲ့သည်။
- မြန်မာနိုင်ငံတွင် အမုန်းစကားပြောဆိုမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည်ကို FFM က မှတ်တမ်းတင်နိုင်ခဲ့သည်။
- ရာဇဝတ်မှုများအတွက် အဓိက တာဝန်အရှိဆုံးသော အဆင့်မြင့်စစ်အရာရှိ ၆ ဦး၏ အမည်များကို FFM က ဖော်ထုတ်နိုင်ခဲ့သည်။
- ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာနှင့် ကျားမကွဲပြားမှုအခြေပြု အကြမ်းဖက်မှုများအပြင် တပ်မတော်နှင့် ဆက်နွယ်ပတ်သက်နေ သော စီးပွားရေး လုပ်ငန်းများကို FFM က မှတ်တမ်းပြုခဲ့သည်။
- *FFM က ပြုစုထားသော အချက်အလက်ပြဓာတ်ပုံတွင် အသေးစိတ်ကို ကြည့်ရှု နိုင်ပါသည်။*

[1] https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/ReportoftheMyanmarFFM.aspx

## အကြံပြုချက်များ

- FFM က အောက်ပါတို့ကို တောင်းဆိုခဲ့သည်။
- တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် သူ့လက်အောက်က ထိပ်တန်း စစ်ခေါင်းဆောင်များကို လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားများကို ဆန့်ကျင်တိုက်ခိုက်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခြင်းအတွက် စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် တောင်းဆိုသည်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားခုံရုံး (ICC) သို့ လွှဲပြောင်းရန်၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု အထူးခုံရုံးတစ်ခု သီးသန့်ဖွဲ့စည်းတည်ထောင်ရန်အတွက် တောင်းဆိုသည်။
- မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) တစ်ခု တည်ထောင်ရန် တောင်းဆိုသည်။
- ခရီးသွားလာခွင့် ပိတ်ပင်ခြင်း၊ ပိုင်ဆိုင်မှုများကို ပိတ်သိမ်းခြင်းအပါအဝင် လူပုဂ္ဂိုလ် တစ်ဦးချင်းစီပေါ်တွင် ပစ်မှတ်ထား ပိတ်ဆို့မှုများချမှတ်ရန် တောင်းဆိုသည်။
- မြန်မာနိုင်ငံအပေါ် လက်နက်တင်ပို့မှု ပိတ်ပင်ရေးဆောင်ရွက်ရန် တောင်းဆိုသည်။
- နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာစစ်တပ်အပေါ်တွင် ငွေကြေးနှင့် အခြားထောက်ပံ့မှုများအားလုံး ဖြတ်တောက်ရန် တောင်းဆိုသည်။
- ကုလသမဂ္ဂအနေဖြင့် ကျူးလွန်ခံရသူများကို ကူညီထောက်ပံ့ရန်အတွက် သီးသန့် ရန်ပုံငွေတစ်ရပ် ထူထောင်ရန် တောင်းဆိုသည်။

## *အားသာချက်များ*

- FFMသည် လူပုဂ္ဂိုလ်တဦးချင်းအပေါ်တွင်သာ အာရုံစိုက်ခြင်းမျိုးမဟုတ်ဘဲ တပ်မတော်ကို အဖွဲ့အစည်း (institution) တစ်ရပ်အနေဖြင့် ရှုမြင်သည်။ ပင်မ အစီရင်ခံစာတွင် ကျူးလွန်ချိုးဖောက်မှု ကွင်းဆက်ပုံသဏ္ဍာန်များကို ပေါ်လွင် အောင် မီးမောင်းထိုးပြခဲ့သည်။
- FFM ၏ လုပ်ပိုင်ခွင့်အရ အထူးသဖြင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများ အပါအဝင် မြန်မာနိုင်ငံတဝှမ်းလုံးကို လွှမ်းခြုံကာ အချက်အလက် စုဆောင်းနိုင်ခဲ့သည်။
- ကော်မရှင်နာများက အစည်းအဝေး (ကွန်ဖရင့်များ) ကျင်းပခြင်းဖြင့်လည်းကောင်း၊ လူအများ စိတ်ဝင်စားအာရုံစိုက်မှုရရှိခဲ့သော အစီရင်ခံစာများဖြင့်လည်းကောင်း တွေ့ရှိချက်များကို အများသိရှိစေရန် ထုတ်ပြန်ခဲ့သည်။
- FFM က စုဆောင်းထားသည့် သက်သေခံအချက်အလက်များကို IIMM သို့ လွှဲပြောင်း ပေးခဲ့သည်။ ထို့အပြင် ICJ နှင့် ICC ကဲ့သို့သော အခြားသက်ဆိုင်ရာ တရားမျှတမှု ယန္တရားများကလည်း အချက်အလက်များကို အသုံးပြုနိုင်သည်။

## *ကန့်သတ်ချက်များ*

- FFM က ကျူးလွန်သူများကို တရားစွဲဆိုခြင်း သို့မဟုတ် အပြစ်ပေးခြင်း မပြုနိုင်ပါ။
- FFMသည် အကြံပြုချက်များကိုသာ ပေးအပ်နိုင်သည်။ အစိုးရများကို ၎င်း၏ အကြံပြုချက်များကို လိုက်နာအကောင်အထည်ဖော်ရန် တွန်းအား မပေးနိုင်ပါ။
- FFM ၏ လုပ်ပိုင်ခွင့်သည် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကုန်ဆုံးခဲ့သည်။

**သတင်းအချက်အလက် ပိုမိုရရှိလိုပါက အောက်ပါအင်တာနက်စာမျက်နှာတွင် ဖတ်ရှုနိုင်ပါသည်။**

https://www.ohchr.org/en/hrbodies/hrc/myanmarffm/pages/index.aspx